## အမေရိကန်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်မှုပမာဏ လက်ရှိထက် ခြောက်ဆအထိ မြှင့်တင်ရန် ရွေးကောက်ခံသမ္မတ ဘိုင်ဒင် လိုလား



နှစ်သစ်ကူးပိတ်ရက်များအတွင်း ခရီးသွားလာမှုနှင့် လူစုဝေးစားသောက်လည်ပတ်မှုတို့ကြောင့်လည်း ရောဂါကူးစက်မှုနှင့် သေဆုံးမှုအရေအတွက်တို့ တိုးလာနိုင်ကြောင်းလည်း ကျွမ်းကျင်သူများက သတိပေးထားသည်။

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်မှု မြင့်မားမှသာလျှင် ရောဂါကူးစက်မှုအရေအတွက် လျော့ကျသွားမည်ဖြစ်သောကြောင့် အမေရိကန်နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်မှု အရေအတွက်ကို လက်ရှိနှုန်းထက် ငါးဆ သို့မဟုတ် ခြောက်ဆအထိ မြှင့်တင်ရန် လိုအပ်ကြောင်း အမေရိကန်ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က ယနေ့ တိုက်တွန်းခဲ့သည်။

ဘိုင်ဒင်က သူ၏ အစိုးရသက်တမ်း ပထမရက် ၁၀၀ အတွင်း လူဦးရေ သန်း ၁၀၀ ကို ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်နေစေရမည်ဟု အစောပိုင်းကပင် ကတိပြုထားခဲ့သည်။ အဆိုပါစကားအရ ဇန်နဝါရီ ၂၀ ရက်တွင် စတင်တာဝန်ယူမည့် ၎င်းအစိုးရအနေဖြင့် မတ်လကုန်အရောက်တွင် ကာကွယ်ဆေး အလုံးရေ သန်း ၂၀၀ အနည်းဆုံးရရှိထားရန် လိုအပ်မည်ဖြစ်သကဲ့သို့ တစ်ရက်လျှင် လူဦးရေသန်းနှင့်ချီသော အရေအတွက်ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရမည်ဖြစ်သည်။

ကာကွယ်ဆေး ထိုးနှံနိုင်မှုပမာဏ မြှင့်တင်နိုင်ရေးအတွက် အစိုးရအပြင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းမှုပါ လိုအပ်သည်ဟုလည်း ဘိုင်ဒင်က ရှုမြင်သည်။

ပြည်သူများအနေဖြင့် ကာကွယ်ဆေး ထိုးနှံပေးမှုကို လက်ခံလာစေရေးအတွက် ပညာပေးအစီအစဉ်များ မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ကာကွယ်ဆေး ထုတ်လုပ်နိုင်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုဆိုင်ရာ အက်ဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကော်လိုရာဒိုပြည်နယ်၌ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးကို စတင်တွေ့ရှိခဲ့ကြောင်း ပြည်နယ်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ ကူးစက်ခံရသူမှာ အသက် ၂၀ ကျော်အမျိုးသားဖြစ်ပြီး ခရီးသွားရာဇဝင်မရှိသော်လည်း ၎င်းနှင့်ထိတွေ့ခဲ့သူရှိခဲ့သည်လားဆိုသည်နှင့်စပ်လျဉ်း၍ စစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်သည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုတို့တွင် အမြင့်ဆုံးနိုင်ငံဖြစ်ပြီး ကူးစက်ခံရသူ ၁၉ သန်းကျော်နှင့် သေဆုံးသူ ၃၄၆၅၇၉ ဦး ရှိသည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - မေလွဲသင်း**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုစတင်



**စင်ကာပူ ဒီဇင်ဘာ ၃၀**

စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ယနေ့ စတင်ထိုးနှံလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ထမ်း ၃၀ အား ကူးစက်ရောဂါထိန်းချုပ်ရေးစင်တာ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည်။

စင်ကာပူကျန်းမာရေးဝန်ထမ်းများ အနက် ကျန်းမာရေးဝန်ထမ်း ဆာရာလင်မ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံးထိုးနှံမှု ခံယူခဲ့သည်။ ထို့နောက် ကာကွယ်ဆေးထိုးနှံမှု ခံယူမည့် ကျန် ကျန်းမာရေးဝန်ထမ်းများက အလှည့်ကျ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည်။

Pfizer နှင့် BioNTech တို့မှ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို စင်ကာပူနိုင်ငံက ဒီဇင်ဘာ ၂၁ ရက်တွင် လက်ခံရရှိခဲ့ပြီး စင်ကာပူဆေးဘက်ကျွမ်းကျင်ပညာရှင်များက ဘေးအန္တရာယ်ကင်းရှင်းကြောင်းနှင့် ရောဂါကာကွယ်နိုင်စွမ်းရှိကြောင်း ထောက်ခံမှုပေးခဲ့ပြီးနောက် အစိုးရက ပြည်သူများအား ကာကွယ်ဆေးထိုးနှံရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးသည် ၂၁ ရက်ခြားကာ နှစ်ကြိမ်ခန့် ထိုးနှံရမည်ဖြစ်သည်။

ယနေ့ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည့် ကျန်းမာရေးဝန်ထမ်းများသည် ဇန်နဝါရီ ၂၀ ရက်တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူရမည်ဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာနက အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများအား လာမည့်နှစ် ဖေဖော်ဝါရီလမှစပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် စီစဉ်ထားသည်။ ထို့နောက် စင်ကာပူနိုင်ငံသားများနှင့် အမြဲတမ်း နေထိုင်သူများအား ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်သည်။ ထို့ပြင် ရေရှည်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ကိုင်ဆောင်ထားသူများအပါအဝင် စင်ကာပူနိုင်ငံသားအားလုံးနှင့် အမြဲတမ်းနေထိုင်သူများအား ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

Pfizer နှင့် BioNTech တို့မှ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၁၆ နှစ်အောက် အရွယ်ရှိသူများအား ထိုးနှံပေးရန် ဆေးဘက်ကျွမ်းကျင်ပညာရှင်များက ထောက်ခံမှုမပြုသေးပေ။

စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည့် ပထမဆုံးအာရှနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည်။

အခြားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း လာမည့်လအနည်းငယ်အတွင်း စင်ကာပူနိုင်ငံအနေဖြင့် လက်ခံရရှိမည် ဖြစ်ကြောင်းနှင့် လာမည့်နှစ် တတိယသုံးလပတ် (ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာ) အတွင်း ပြည်သူအားလုံးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံအလောက် ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက ဒီဇင်ဘာ ၁၄ ရက်တွင် ထုတ်လွှင့်ခဲ့သည့် ရုပ်သံမိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကလေးငယ် စုစုပေါင်း နှစ်သန်းကျော်ရှိလာ

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**


အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ်စုစုပေါင်းနှစ်သန်းကျော်ရှိလာခဲ့ကြောင်း အမေရိကန်ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံအဖွဲ့အစည်း၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ် ၁၇၉၀၀၀ နီးပါးရှိခဲ့ကြောင်းလည်း အမေရိကန်ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံအဖွဲ့အစည်းက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကလေးအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းရှိခြင်းကြောင့် ကလေးဦးရေ တစ်သိန်းလျှင် ၂၆၅၈ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၉၇၇၇၀၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၃၄၆၅၇၉ ဦးရှိခဲ့ကာ ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၁၈၄၄၄၇၂ ဦးရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



## အောက်စဖို့ဒ်နှင့် အက်စထရာဇန်နီကာတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသုံးပြုမှု ဗြိတိန်အတည်ပြု

**လန်ဒန် ဒီဇင်ဘာ ၃၀**

အောက်စဖို့ဒ်တက္ကသိုလ်နှင့် အက်စထရာဇန်နီကာဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို ဗြိတိန်နိုင်ငံက ယနေ့ အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားခဲ့သည်။




ဗြိတိန်နိုင်ငံ၌ အသုံးပြုမည့် အောက်စဖို့ဒ်နှင့် အက်စထရာဇန်နီကာတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတည်ပြုချက်ရရှိရန် ဗြိတိန်ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုထုတ်ကုန်များဆိုင်ရာ စည်းမျဉ်းဥပဒေအေဂျင်စီ၏ ထောက်ခံချက်ကို ဗြိတိန်အစိုးရက လက်ခံခဲ့ခြင်းဖြစ်ကြောင်းလည်း ဗြိတိန်အစိုးရ၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများအပြားထုတ်လုပ်လျက်ရှိသည့် အက်စထရာဇန်နီကာ ဆေးဝါးကုမ္ပဏီထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ အရေအတွက်သည် ဗြိတိန်ပြည်သူ သန်း ၅၀ အတွက် လုံလောက်မှုရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလတွင် စတင်မည်ဖြစ်ကြောင်းလည်း ဗြိတိန် ကျန်းမာရေးဝန်ကြီး မက်ဟန်းကော့က ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံ၌ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုခွင့် အတည်ပြုခဲ့ပြီးဖြစ်သောကြောင့် အောက်စဖို့ဒ်နှင့် အက်စထရာဇန်နီကာတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဗြိတိန်နိုင်ငံ၏ အသုံးပြုခွင့်အတည်ပြုခဲ့သည့် ဒုတိယမြောက်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလည်း ဖြစ်လာခဲ့သည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၈၂၈၆၅ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၁၅၆၇ ဦးရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၈၂၄၄၆၄၀၁ ဦး

သေဆုံးသူ ၁၇၉၉၅၀၅ ဦး

ပြန်လည်ကျန်းမာလာသူ ၅၈၄၅၃၀၃၄ ဦး

# အင်္ဂလိပ်စာပါမောက္ခနှင့် အင်းလျားအဆောင်မှူး ဒေါ်သိန်းညွန့်၊ ပါမောက္ခဒေါ်သိန်းညွန့် (၁၉၁၆–၁၉၈၁)

ဒေါက်တာမနုရည်

**“အင်းလျားတန်ဆောင် မီးရှူးရောင်”**

**အင်းလျားကညာ ပျိုသုံးရာလျှင်**
**ကွန်းခိုဝင်ရာ ခွဲခွာရပ်ဝေး**
**မိဝေးဖဝေး အနေဝေးလည်း**
**ရင်ခွင်နွေးမှီ ကူညီမရွံ့**
**ဒေါ်သိန်းညွန့်ကို ညွှန်းဆိုပြုလျှင်**
**လမ်းပြကြင်နာ မေတ္တာအနန္တ**
**ကရုဏာမျှညီ ပေးရှာသည်က**
**အင်္ဂလိပ်စာပြ ပါမောက္ခထူး**
**အဆောင်မှူးဖြစ် သုံးဆယ်နှစ်ကျူး**
**စိုးအုပ်ဖူးသည် ယနေ့ဒီချိန်**
**သစ်လွင်ထိန်မြဲ မမှိန်ဆဲလက်**
**ခေတ်အဆက်ဆက် ထိန်းသိမ်းလျက်ပေ**
**လင်းစေဖြိုင်ဖြိုင် မီးရှူးတိုင်။**

(ပါမောက္ခဒေါ်သိန်းညွန့်အတွက် ဂုဏ်ပြုစပ်ဆိုပါသည်။)

ဒေါ်သိန်းညွန့်သည် တက္ကသိုလ်နှင့် တက္ကသိုလ်ပြင်ပဆိုင်ရာ ရာထူးတာဝန်များစွာတို့ကို ဂျပန်ခေတ်မှစ၍ ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့ပါသည်။ ယင်းတာဝန်များအနက်မှ နှစ်ကာလတာရှည်သော ရာထူးတာဝန်များနှင့် အဓိကကျသော ရာထူးတာဝန်များကို ဖော်ပြရပါလျှင်– (၁) အင်္ဂလိပ်စာပါမောက္ခနှင့် အင်းလျားဆောင် အဆောင်မှူး၊ (၂) အထူးအရာရှိ အင်္ဂလိပ်စာဌာန ပညာရေးတက္ကသိုလ်၊ (၃) မြန်မာနိုင်ငံရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်နှင့် (၄) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တာမွေမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) တို့ဖြစ်ကြပါသည်။

ပါမောက္ခဒေါ်သိန်းညွန့်သည် ရှုထောင့်အမျိုးမျိုးမှ ဂုဏ်ပြု၍ မကုန်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးပါပေ။ ဉာဏ်ပညာထက်မြက်သည်သာမက စည်းစနစ်ကြီးလှ၍ အရာရာတွင် ထက်မြက်ထူးချွန် ကျွမ်းကျင်လိမ္မာပါးနပ်လှသည့် ဂုဏ်ယူဖွယ် မြန်မာအမျိုးသမီးတစ်ဦးဖြစ်ပါသည်။ လူမှုရေးရှုထောင့်မှ ကြည့်ပြန်လျှင်လည်း ကိုယ်နှုတ်နှစ်ပါး ယဉ်ကျေးသိမ်မွေ့လှ၍ မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်သည်မက ပါးနပ်လိမ္မာလှသည့်နေရာတွင်လည်း အတုယူ စံနမူနာထားထိုက်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်တမ်းတင်ရပါမည်။

ပါမောက္ခဒေါ်သိန်းညွန့် ဖြစ်လာမည့် မသိန်းညွန့်ကို ၁၉၁၆ ခုနှစ် မေလ ၅ ရက် သောကြာနေ့တွင် အဘ ပွဲစားကြီး ဦးဆယ်နှင့် အမိ ပွဲကတော် ဒေါ်ငွေရှင်တို့က ပြည်မြို့တွင် ဖွားမြင်ခဲ့ပါသည်။ ခရစ်ယာန် သာသနာပြု ကွန်ဗင့်ကျောင်းတွင် ကျောင်းနေစဉ်ကာလအမည်မှာ “နော်မာဆယ်” ဖြစ်ပါသည်။ မွေးချင်းမောင်နှမ လေးယောက်အနက် တတိယမြောက်ဖြစ်ရာ အစ်ကို ဦးစန်းမောင်၊ အစ်မ ဒေါ်မြကြည်နှင့် ညီမငယ် ဒေါ်မြမြ တို့ဖြစ်ကြပါသည်။

**ငယ်စဉ်ကျောင်းသူဘဝ အကျဉ်းချုပ်**

မူလတန်းကို အမျိုးသားအထက်တန်းကျောင်း ပြည်မြို့နှင့် အစိုးရအထက်တန်းကျောင်း ပြည်မြို့တို့တွင် စတင်၍ တက်ရောက်ဆည်းပူးသည်။ ထို့နောက် ခရစ်ယာန်သာသနာပြုကျောင်းဖြစ်သော စိန့်ဂျိုးဇက်ကွန်ဗင့်အထက်တန်းကျောင်း တောင်ငူမြို့တွင် မူလတန်းဆက်တက်၍ အထက်တန်းအောင်သည်အထိ “နော်မာဆယ် (Norma Se)” အမည်ဖြင့် ကျောင်းအိပ်ကျောင်းစားနေ၍ ပညာဆည်းပူးခဲ့ပါသည်။ ဂျပန်ခေတ်တွင် ပေါက်ခေါင်းမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ပေါက်ခေါင်းမြို့တွင် အာရှလူငယ်အစည်းအရုံးဖွဲ့စည်းရာတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

**တက္ကသိုလ်ကျောင်းသူနှင့် တက္ကသိုလ်ဆရာမဘဝခရီးစဉ်**

အထက်တန်းအောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့ (B.A) ကိုရရှိခဲ့ပြီး ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (M.A) ကို ရရှိခဲ့ပြီး လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရပါသည်။

**နိုင်ငံခြားပညာသင်ခရီးများ**

၁၉၄၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်သွားရောက်၍ မဟာဝိဇ္ဇာဘွဲ့ (M.A) ယူပြီး ကထိကရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၅၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ University of Cincinnati တွင် မဟာဝိဇ္ဇာဘွဲ့ (M.A) ကို သွားရောက်ယူခဲ့ပါသည်။



ပါမောက္ခဒေါ်သိန်းညွန့်

ဒေါ်သိန်းညွန့်သည် တစ်နေ့တွင် အင်းလျားဆောင်ရုံးခန်းအတွင်း၌ အဆောင်နည်းပြဖြစ်သူ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ဆရာမဒေါ်ခင်လေးမြင့် [ယခု–ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ဒေါက်တာအောင်ပွား၏ဇနီး (ကန်တော့ခံဆရာ ဆရာမကြီးများ)] နှင့် စကားပြောရင်း နိုင်ငံခြားသို့ ခုနစ်ကြိမ် သွားရောက်ဖူးသည်ဟု ဆိုခဲ့ဖူးပါသည်။ ထိုခရီးစဉ်များအနက် တစ်ကြိမ်မကသော အချို့ခရီးစဉ်များတွင် ပထဝီဝင်ဌာနမှ ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်(ပါမောက္ခ)လည်း ပါဝင်သည်ဟု ဆိုပါသည်။

၁၉၆၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်များတွင် ပါမောက္ခအဖြစ် အင်္ဂလိပ်စာဌာန ပညာရေးတက္ကသိုလ်တွင် ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရပါသည်။ ဤသို့ဖြင့် ၁၉၇၇ ခုနှစ်တွင် အငြိမ်းစားယူပြီးနောက် ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ် ကွယ်လွန်သည်အထိ အထူးအရာရှိအဖြစ် အင်္ဂလိပ်စာဌာန ပညာရေးတက္ကသိုလ်တွင် ရာထူးတာဝန်ပေးအပ်ခန့်ထားခြင်း ခံခဲ့ရပါသည်။

အချုပ်ဆိုရသော် ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းကို ပြန်လည်သုံးသပ်လျှင် ၁၉၄၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်ဝန်းကျင်များတွင် တက္ကသိုလ်လောက၌ သက်တမ်းရင့်ဆရာမကြီး ဒေါ်သိန်းညွန့်ကို မသိသူအလွန်ရှားပေမည်။ ၁၉၄၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း နည်းပြဆရာမ၊ လက်ထောက်ကထိက၊ ကထိက နှင့် ပါမောက္ခ၊ ပြီးနောက် အထူးအရာရှိ၊ အင်္ဂလိပ်စာဌာန ပညာရေးတက္ကသိုလ် စသည်များအဖြစ် အင်္ဂလိပ်စာဌာန ရန်ကုန်တက္ကသိုလ်နှင့် အင်္ဂလိပ်စာဌာန ပညာရေးတက္ကသိုလ်တို့တွင် ၃၆ နှစ်ခန့်ကြာ ရာထူးအဆင့်ဆင့် အရပ်ရပ်ကို ကွယ်လွန်ချိန်အထိ တာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။

ဤတွင် ပင်မအင်္ဂလိပ်စာဌာန၏ တည်ရှိရာနှင့် အခြားဘာသာရပ်အသီးသီးတို့၏ ပင်မဌာနများ တည်ရှိရာတို့ မတူညီကြပုံကို အနည်းငယ် ရှင်းလင်းရေးသားလိုပါသည်။ ပါမောက္ခရာထူးရှိရာ ဘာသာရပ်ဌာနကို ပင်မဌာနဟု ဆိုလိုပါသည်။ ပညာရေးတက္ကသိုလ်ရှိ အင်္ဂလိပ်စာဌာနသည် အင်္ဂလိပ်စာပါမောက္ခတည်ရှိရာဖြစ်ပါသည်။ ထို့ကြောင့် ယင်းဌာနကို ပင်မအင်္ဂလိပ်စာဌာနဟု ဆိုချင်ပါသည်။ ပင်မ အင်္ဂလိပ်စာဌာနသည် အခြားဘာသာရပ်အသီးသီးတို့၏ ပင်မဌာနများကဲ့သို့ ရန်ကုန်တက္ကသိုလ်တွင်မဟုတ်ဘဲ ပညာရေးတက္ကသိုလ်တွင် တည်ရှိခဲ့ပါသည်။

စာမျက်နှာ ၂၁ သို့ ○

**ပါမောက္ခဒေါ်သိန်းညွန့်သည် ရှုထောင့်အမျိုးမျိုးမှ ဂုဏ်ပြု၍မကုန်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးပါပေ။ ဉာဏ်ပညာထက်မြက်သည်သာမက စည်းစနစ်ကြီးလှ၍ အရာရာတွင် ထက်မြက်ထူးချွန် ကျွမ်းကျင်လိမ္မာပါးနပ်လှသည့် ဂုဏ်ယူဖွယ် မြန်မာအမျိုးသမီးတစ်ဦးဖြစ်၏။ လူမှုရေးရှုထောင့်မှ ကြည့်ပြန်လျှင်လည်း ကိုယ်နှုတ်နှစ်ပါး ယဉ်ကျေးသိမ်မွေ့လှ၍ မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်သည်မက ပါးနပ်လိမ္မာလှသည့်နေရာတွင်လည်း အတုယူ စံနမူနာထားထိုက်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်တမ်းတင်ရ၏။**



ဆရာမကြီး ပါမောက္ခ ဒေါ်သိန်းညွန့်(ရှေ့တန်းအလယ်)နှင့် ဆရာ ဆရာမများ။

❍ စာမျက်နှာ ၂၀ မှ

အင်္ဂလိပ်စာအဓိကကျောင်းသား ကျောင်းသူများသည် ပညာရေးတက္ကသိုလ်ရှိ အင်္ဂလိပ်စာဌာနတွင်သာ တက်ရောက်ကြရပါသည်။ ရရှိသောဘွဲ့မှာ B.A (English) ဖြစ်၍ B.Ed မဟုတ်ပါ။ အခြားအဓိကဘာသာရပ်များနည်းတူ လေးနှစ်သင်တန်းဖြစ်ပါသည်။ ပညာရေးတက္ကသိုလ်မှ ပေးသည့်ဘွဲ့ B.Ed ကဲ့သို့ ငါးနှစ်သင်တန်းမဟုတ်ပါ။ ရန်ကုန်တက္ကသိုလ်ရှိ တောင်ငူဆောင်နှင့် အခြားတက္ကသိုလ်/ကောလိပ်တို့တွင် အင်္ဂလိပ်စာဌာနများ ရှိသော်လည်း ၎င်းဌာနများ၌ အမြင့်ဆုံးရာထူးများမှာ ဌာနမှူးရာထူးများသာလျှင်ဖြစ်ပြီး ပါမောက္ခရာထူးမရှိသည့်အပြင် အင်္ဂလိပ်စာအဓိက ကျောင်းသား ကျောင်းသူများလည်းမရှိပါ။ ၎င်းဌာနများသည် အင်္ဂလိပ်စာကို သာမန်ဘာသာအဖြစ် သင်ကြားသည့် ဌာနများသာ ဖြစ်ကြပါသည်။

ထိုစဉ်အခါက ရန်ကုန်တစ်မြို့လုံးရှိ တက္ကသိုလ်/ကောလိပ်များအားလုံးခြုံငုံလျှင် မည်သည့်ဘာသာရပ်တစ်ခုတွင်ဖြစ်စေ ဘာသာရပ်ဆိုင်ရာ ပါမောက္ခတစ်ဦးသာလျှင်ရှိပါသည်။ ဘာသာရပ်အသီးသီးတို့တွင် သင်ကြားရေးအမှုထမ်း ရာထူးအဆင့်ဆင့်တို့အနက် ပါမောက္ခရာထူးသည် အမြင့်ဆုံးဖြစ်၍ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် ဌာနမှူးများနှင့် ၎င်းတို့သက်ဆိုင်ရာဌာနအသီးသီးတို့သည် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၏ အုပ်ချုပ်မှုအောက်တွင်သာ ရှိကြပါသည်။ ထိုခေတ်အခါက မြန်မာတစ်ပြည်လုံးတွင် ပါမောက္ခနှစ်ဦး (ရန်ကုန်တက္ကသိုလ်တွင် တစ်ဦးနှင့် မန္တလေးတက္ကသိုလ်တွင်တစ်ဦး) သာလျှင်ရှိပြီး မန္တလေးတက္ကသိုလ်သည် ၁၉၅၈ ခုနှစ်တိုင် မန္တလေးကောလိပ်အဖြစ် ရန်ကုန်တက္ကသိုလ်၏ အုပ်ချုပ်မှုအောက်တွင်သာ ရှိခဲ့ပါသည်။ သို့ပါ၍ ၁၉၅၈ ခုနှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ဘာသာရပ်တစ်ခုအတွက် ပါမောက္ခတစ်ဦးတည်းသာရှိပြီး ရန်ကုန်တက္ကသိုလ်ရှိ ၎င်းတို့နှင့်သက်ဆိုင်သော ဘာသာရပ်ဆိုင်ရာဌာနများ အသီးသီးတွင်သာ ဖြစ်ပါသည်။ ယင်းကာလ၏ နောက်ပိုင်းများတွင်လည်း ဆယ်စုနှစ် သုံးစု (နှစ်သုံးဆယ်) ခန့် ဆက်လက်၍ ရန်ကုန်တက္ကသိုလ်သည် မန္တလေးတက္ကသိုလ် အပါအဝင် ကျန်တက္ကသိုလ်များနှင့် ကောလိပ်များကို ဌာနအသီးသီးအလိုက် ဦးဆောင်ရှေ့သွားပြုနေပါသေးသည်။

**ဒေါ်သိန်းညွန့်၏ ငယ်စဉ်ကျောင်းသူဘဝ အမှတ်တရများ**

"အရှိန်လျှံညီး၊ တောက်မည့်မီးကား၊ ရင်းနှီးနဂို၊ သူ့ပင်ကိုက၊ လိုလိုငြိစွဲ၊ တရဲရဲတည့်"

ပါမောက္ခဒေါ်သိန်းညွန့်ငယ်ဘဝ ပြည်မြို့ အစိုးရအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော မူလတန်းကျောင်းသူလေး မသိန်းညွန့်သည် မိဘများနှင့်အတူ တောင်ငူမြို့ရှိ မိခင်ဖြစ်သူ၏အစ်ကိုကြီး ပွဲစားကြီး ဦးသက်မိသားစုထံသို့ သွားရောက် လည်ပတ်ခဲ့ကြပါသည်။ ဤတွင် ဘကြီးဦးသက်၏သမီးများ ပညာသင်ကြားဆည်းပူးလျက်ရှိကြသော တောင်ငူမြို့ စိန့်ဂျိုးဇက်ကွန်ဗင့်အထက်တန်းကျောင်းတွင် ခရစ်ယာန်သီလရှင်များနှင့် ညီအစ်မဝမ်းကွဲများ အပြန်အလှန် အင်္ဂလိပ်ဘာသာဖြင့် စကားပြောဆိုနေကြသည်ကို အဓိပ္ပာယ်နားမလည်သည့်အပြင် ခရစ်ယာန်သီလရှင်များက သူ့အားစကားပြောလာသည့်အခါ ပြန်မပြောတတ်ပဲရှိနေရပါသည်။ ထိုအခါတွင် သူမ၏ ညီအစ်မဝမ်းကွဲများကဲ့သို့ အင်္ဂလိပ်ဘာသာစာပေနှင့်စကားကို တတ်ကျွမ်းလိုလှ၍ တောင်းဆိုသည့်အလျောက် ပြည်မြို့သို့ ပြန်မခေါ်ဘဲ ယင်းကွန်ဗင့်ကျောင်းတွင်ပင် ကျောင်းအိပ်ကျောင်းစား ထားခဲ့ရပါသည်။ အစိုးရကျောင်းများတွင် အင်္ဂလိပ်စာကို ငါးတန်းမှသာစ၍ သင်သည့် ခေတ်ကာလဖြစ်ပါသည်။ ထို့ကြောင့်လျှင် စိန့်ဂျိုးဇက်ကွန်ဗင့်အထက်တန်းကျောင်းသည် မသိန်းညွန့်အား ကျောင်းသူအဖြစ် လက်ခံခဲ့သော်လည်း ပြည်မြို့ အစိုးရအထက်တန်းကျောင်းမှ ပြောင်းလာသောကြောင့် အတန်းနှစ်တန်းလျှော့၍သာ တက်ခွင့်ရခဲ့ပါသည်။ သို့ရာတွင် ကျောင်းစတက်ပြီး သုံးလအကြာ၌ ဉာဏ်ပညာ ထက်မြက်လှ၍ အတန်းနှစ်တန်းကို တစ်ကြိမ်တည်း တိုးမြှင့်တင်ပေးခြင်း ခံရပြန်ပါသည်။ အစကနဦးတွင် နှစ်တန်းအလျှော့ခံထားရသည်မှာ မူလအတိုင်း ပြန်လည်ရရှိသွားရပါသည်။

**တက္ကသိုလ်နှင့် တက္ကသိုလ်ပြင်ပ ထမ်းဆောင်ခဲ့သော အခြားတာဝန်များ**

ပါမောက္ခဒေါ်သိန်းညွန့်သည် တက္ကသိုလ်အမျိုးသမီးရေးရာအသင်း (University Women's Association) ၏ နာယကအဖြစ် လည်းကောင်း၊ ၁၉၇၃ ခုနှစ်မှ ၁၉၈၁ ခုနှစ်များတွင် မြန်မာနိုင်ငံရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဧပြီလ ၁၉၇၈ ခုနှစ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**တာဝန်အရသွားရောက်ခဲ့သော အခြားနိုင်ငံခြားခရီးများ**

ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ပညာရေးဆိုင်ရာ ခရီးတိုများနှင့် စင်ကာပူနိုင်ငံသို့ အမျိုးသမီးအားကစားအဖွဲ့ အုပ်ချုပ်သူအဖြစ်ဖြင့် ရန်ကုန်တက္ကသိုလ် အားကစားမှူး ဦးဆန်းနှင့်အတူ ကြက်တောင်ပြိုင်ပွဲဝင်အဖွဲ့ကို ဦးဆောင်၍ သွားရောက်ခဲ့ပါသည်။

**အဆောင်နည်းပြနှင့် အဆောင်မှူးဘဝ (၁၉၄၆-၁၉၇၉)**

အင်းလျားဆောင်အကြောင်းကို ရေးမည်ဆိုပါလျှင် အဆောင်မှူး အင်္ဂလိပ်စာပါမောက္ခ ဒေါ်သိန်းညွန့်သည် အထူးဂုဏ်ယူ အသိအမှတ်ပြုရမည့် မြန်မာအမျိုးသမီး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။

ပါမောက္ခဒေါ်သိန်းညွန့်သည် အင်းလျားဆောင်သမိုင်းတွင် အဆောင်မှူးတာဝန်ကို သက်တမ်းကာလအားဖြင့် တာရှည်ဆုံး ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ အဆောင်မှူးသက်တမ်းကာလ အကြာရှည်ဆုံးမှစ၍ အတိုဆုံးသို့ အစဉ်လိုက်တန်းစီပါလျှင် ဒေါ်သိန်းညွန့် (၁၉၅၀-၁၉၇၉) နှစ် (၃၀)၊ ဒေါ်အေးရှင် (၁၉၃၇-၁၉၅၀) (၁၃) နှစ်၊ ဒေါ်မြမြဝင်း (၁၉၈၆-၁၉၉၆) ၁၀ နှစ်၊ ဒေါက်တာစန်းစန်းဝေ (၁၉၇၉-၁၉၈၆) ခုနစ်နှစ်၊ Miss White (၁၉၃၁-၁၉၃၇) ခြောက်နှစ်၊ ဒေါက်တာမြတ်မွန်ဦး (၂၀၀၁-၂၀၀၇) ခြောက်နှစ်၊ ဒေါက်တာဝင်းဝင်းသာ (၂၀၀၇-၂၀၁၃) ခြောက်နှစ်၊ ဒေါ်နွဲ့ရင် (၁၉၉၆-၂၀၀၁) ငါးနှစ်၊ ဒေါက်တာဏီဝင်းဇော် (၂၀၁၆-၂၀၂၀) လေးနှစ်၊ ဒေါက်တာမဠူမြင်း (၂၀၁၃-၂၀၁၆) သုံးနှစ်နှင့် ဒေါက်တာမြတ်ဆုလှိုင် (၂၀၂၀-လက်ရှိ)တို့ဖြစ်ကြပါသည်။

ဒေါ်သိန်းညွန့်သည် ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်စဉ် အဆောင်နည်းပြအဖြစ်စတင်၍ အင်းလျားဆောင်တွင်ထမ်းဆောင်ခဲ့ပါသည်။ တစ်ဖန် ၁၉၄၉ ခုနှစ်တွင် ပညာရေးတက္ကသိုလ်ရှိ အမျိုးသမီးဆောင်တစ်ခု၏ အဆောင်မှူးအဖြစ်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှစတင်၍ အင်းလျားဆောင်၏ အဆောင်မှူးအဖြစ်လည်းကောင်း ဆောင်ရွက်လာခဲ့သည်မှာ ၁၉၇၉ ခုနှစ်အထိ နှစ် (၃၀) ကြာခန့် အဆောင်မှူးတာဝန်များကို ထမ်းဆောင်လာခဲ့ပေသည်။

**အင်းလျားဆောင်၊ အဆောင်မှူးနှင့် ဆောင်းပါးရှင်**

အင်းလျားဆောင်သည် ရန်ကုန်တက္ကသိုလ်သာမက မြန်မာနိုင်ငံတက္ကသိုလ်များအားလုံး၏ အမျိုးသမီးဆောင်များတွင် သက်တမ်းအရင့်ဆုံးဖြစ်ပါသည်။ အင်းလျားဆောင်နှင့် သီရိဆောင်တို့ကို တစ်နေ့တစ်ရက်တည်း ၁၉၂၈ ခုနှစ် နိုဝင်ဘာလ (၃) ရက်နေ့တွင် အုတ်မြစ်ချခဲ့သော်လည်း အင်းလျားဆောင်ကို ၁၉၃၁ ခုနှစ်ဇွန်လတွင် ဖွင့်လှစ်၍ သီရိဆောင်ကိုမူ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့ပါသည်။ ထို့ကြောင့် အင်းလျားဆောင်သည် ရန်ကုန်တက္ကသိုလ်၏ (သို့) မြန်မာနိုင်ငံရှိ တက္ကသိုလ်များအားလုံးတွင် အသက်အကြီးဆုံး သမီးရတနာဟုပင် ဆိုနိုင်ပါသည်။

အင်းလျားဆောင်သည် အင်းလျားလမ်းကို မျက်နှာစာပြု၍ အင်းလျားလမ်းနှင့် စစ်ကိုင်းလမ်းထောင့်တွင် တည်ရှိပါသည်။ အုတ်နီရောင်နှစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မြေ မရမ်းကုန်းမြို့နယ်တွင် တည်ရှိပါသည်။ ၎င်းသည် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိပြီး သီရိဆောင်မှာမူ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း၏ အနောက်ဘက်ခြမ်းရှိ ရန်ကုန်တက္ကသိုလ်မြေပေါ်၌ ဂျပ်ဆင်လမ်း၊ ကမာရွတ်မြို့နယ်တွင် အုတ်နီရောင် သုံးထပ်တိုက် အဆောက်အအုံအဖြစ် တည်ဆောက်ခဲ့ပါသည်။

အင်းလျားဆောင်တွင် ကျောင်းသူနေ အခန်းပေါင်း ၁၅၀ ခန့်ရှိပြီး တစ်ခန်းလျှင် ကျောင်းသူနှစ်ဦးထိ ထားရှိပါသည်။ ထိုစဉ်က ပထမနှစ်မှ စတုတ္ထနှစ်အထိ မြို့နယ်ပေါင်းစုံ ဘာသာရပ်ပေါင်းစုံနှင့် စနစ်သစ်တွင် အဓိကဘာသာရပ်ပေါင်းစုံမှ ကျောင်းသူများ နေထိုင်ရာဖြစ်ပါသည်။ မိမိသည် ရန်ကုန်တက္ကသိုလ် ဆရာမများဆောင် (Women's Chummery) တွင် ၁၀ နှစ်ခန့်ကြာ နေထိုင်ခဲ့ပါသည်။ ညနေစောင်းလမ်းလျှောက်သည့်အခါ အင်းလျားကန်စောင်းတွင် အဆောင်သူများ လမ်းလျှောက်ထွက်ကြသည့် မြင်ကွင်းအတွေ့အကြုံများကိုအခြေခံ၍ စပ်ဆိုထားသော ကဗျာတစ်ပုဒ်ကိုလည်း ထည့်သွင်းတင်ပြလိုပါသည်။

**"အင်းလျားကညာ တင့်လှသာ"**

**အင်းလျားဆောင်သူ ကညာရူပ**
**ယဉ်စစရှင့် ကန်သာမြင့်ဝယ်**
**နေမကွယ်မီ ကေရီကို**
**ဦးညွတ်ကြိုချီ လေချိုသီဝေ့**
**ငွေ့ငွေ့ပျံ့ညင်း ရေသင်းနံ့သာ**
**ဖြာဖြာလှိုင်းငယ် သာသာရွယ်ဆင်း**
**ခြေရင်းအရောက် ဦးခိုက်လျောက်ဆက်**
**ပြည်ကျိုးရွက်မည့် ပုခက်လွှဲလက်**
**နေဝန်းသက်ဆဲ ရဲရဲလက်ဝင်း**
**လင်းယုက်ဆင်းလျှင် ရေပြင်ဖျပ်ဖျပ်**
**ရောင်သက်လတ်သော် စိမ်းပြာလဲ့ရွှန်း**
**ကြင်လွန်းသူဇာ လှရည်ဖြာလျက်**
**လင်းလင်းလက်နှင့် လိုက်ဖက်ဝင့်သည်**
**ကန်သာသူ့ကြောင့် တင့်သလော။**
**နန္ဒကန်ဆင့် လှဂုဏ်မြင့်အောင်**
**ကူဆောင်ရှာထင့်**
**ကညာသူ့ကြောင့် ဝင့်သလော။**

အကယ်စင်စစ် မိမိသည် ဆရာမကြီး၏ တပည့်တစ်ယောက်မဖြစ်ခဲ့ပါ။ ကျောင်းသူဘဝတစ်လျှောက် ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသူအဆောင်များတွင်လည်း မနေခဲ့ပါ။ ဆရာမဖြစ်လာသည့်အခါတွင်လည်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များတွင် အဆောင်နည်းပြအဆောင်မှူးအဖြစ် မလုပ်ခဲ့ဖူးပါ။ ဤတွင် ဘဝရေစက်ကြောင့်ပေလော၊ ကံကောင်းစွာဖြင့် ဆရာမကြီးနှင့်တကွ ဆရာမကြီး၏ အိမ်သားများဖြစ်ကြသော ဒေါ်သန်းသန်းနု၊ ဒေါ်ခင်အေးမူ၊ ဒေါ်သန်းသန်းနွယ်နှင့် ဒေါ်ခင်ဝင်း (ဝင်းခင်ခင်-မိမိအခေါ်) တို့နှင့်လည်း တွေ့ဆုံရင်းနှီးခွင့်ရခဲ့သည်ကို အမှတ်တရ ရေးသားလိုပါသည်။

၁၉၇၄-၁၉၇၅ ခုနှစ်တွင် ဦးသန့်အရေးအခင်းကြောင့် တက္ကသိုလ်/ကောလိပ်များနှင့် ကျောင်းများကို ခြောက်လကျော်ခန့်ကြာ လပေါင်းတာရှည် ပိတ်ထားခဲ့ပါသည်။ ထိုကာလအတွင်း၌ မိမိက ရန်ကုန်တက္ကသိုလ်မှနေ၍ ပုသိမ်ကောလိပ်တွင် ခေတ္တပြောင်းရွှေ့ တာဝန်ချထားခြင်း ခံနေရချိန်ဖြစ်ပါသည်။ သို့ရာတွင် ရန်ကုန်မြို့တွင် နေထိုင်သော မိမိသည် ကျောင်းပိတ်စဉ်ကာလအတွင်း ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ် မိမိကဲ့သို့ပင် ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ပုသိမ်ကောလိပ် ပထဝီဝင်ဌာနမှ ဆရာမ ဒေါ်ဝင်းဝင်းမြင့်က သူနှင့်အတူ အင်းလျားဆောင်တွင် လာနေရန် အဆောင်မှူး အင်္ဂလိပ်စာပါမောက္ခ ဒေါ်သိန်းညွန့်ကိုလည်း ပြောထားပြီးဖြစ်ကြောင်း ဖိတ်ခေါ်၍ ကျောင်းပိတ်ကာလတစ်လျှောက်လုံး သွားရောက်နေထိုင်ခဲ့ပါသည်။

ကျောင်းပိတ်ထားသည့်ကာလဖြစ်၍ ကျောင်းသားကျောင်းသူများလည်းမရှိပါ။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပါသည်။ အင်းလျားဆောင်၏ အဆောင်နည်းပြ ဆရာမများအားလုံးသည် ကျောင်းဖွင့်ချိန်တွင် အဆောင်၏ထောင့်စုံမှအခန်းများတွင်ဖြန့်၍ တာဝန်ယူနေထိုင်ကြသော်လည်း၊ ကျောင်းပိတ်ထားချိန်တွင် အဆောင်နည်းပြများ အားလုံးအတွက် ပိုမိုသင့်လျော်လုံခြုံသောအနေအထားဖြစ်သည့် အဆောင်မှူးအိမ်နှင့်ကပ်လျက် အနီးဆုံးအဆောင်၏ အပေါ်ထပ်ရှိအခန်းများတွင် နေရာယူ၍ ပြောင်းရွှေ့နေထိုင်ကြပါသည်။ အဆောင်မှူးအိမ် (Warden Apartment) သည် အဆောင်ကိုမျက်နှာမူလျှင် အဆောင်၏ တစ်စိတ်တစ်ဒေသ ဘယ်ဘက်ထောင့်အစွန်၌ နှစ်ထပ်လူနေအိမ်အနေအထားဖွဲ့စည်းထားလေသည်။ ဆရာမ ဒေါ်ဝင်းဝင်းမြင့်နှင့် မိမိတို့ နှစ်ယောက်သည် အဆောင်မှူး အိမ်အောက်ထပ်နှင့် အနီးဆုံး ဘေးချင်းယှဉ်ကပ်လျက် အခန်းနှစ်ခန်းတွင် တစ်ယောက်တစ်ခန်းစီ နေရာယူ၍ နေကြပါသည်။

ဦးသန့်အရေးအခင်း ကျောင်းပိတ်ကာလ ခြောက်လကျော်ခန့်ကြာ ဆရာမကြီး၏ နွေးထွေးလှပါသော မေတ္တာစေတနာကို အပြည့်အဝရရှိခဲ့ရပါသည်။ ထိုစဉ်ကာလများက မိမိသည် မကြာခဏဖျားတတ်ပါသည်။ အင်းလျားဆောင်တွင်နေစဉ်ကာလ အနည်းဆုံးသုံးကြိမ်၊ လေးကြိမ်ခန့် ဖျားခဲ့ပါသည်။ ဆရာမကြီးက မိမိဖျားနေသည်ဟု သတင်းကြားလျှင် ရောက်လာပြီး ကြည့်ရှုသတင်းမေးပါသည်။ မိမိလဲလျောင်းနေရာဘေး မိမိ၏ခုတင်ပေါ်တွင်ထိုင်ပြီး တရင်းတနှီး အားပေးစကားများ ပြောခဲ့သည်တို့ကို ပြန်တွေးလျှင် မနေ့တစ်နေ့ကကဲ့သို့ပင် ရင်ထဲ၌ နွေးထွေးလွမ်းဆွတ်လျက်ရှိပါသေးသည်။ ဆရာမကြီးနှင့် ငယ်စဉ်ကတည်းကအတူနေသည့် တူနှင့်တူမရင်းချာများ အပေါ်တွင် အိမ်ထောင်မရှိ သားသမီးမရှိသည့် ဆရာမကြီးအတွက် သားသမီးရင်းချာများပင်ဖြစ်သည်ဆိုလျှင် မမှားနိုင်ပါ။ "သစ်တစ်ပင်ကောင်း၍ ငှက်တစ်သောင်းနားခဲ့ရပါသည်"

ဆရာမကြီးက တရင်းတနှီးစကားပြောကြရင်း မကြာခဏဆိုသလို ပြောလာတတ်သည်မှာ "မမကို အိမ်ကကလေးတွေ (တူ/တူမတွေ) နဲ့ အသက်မတိမ်းမယိမ်းတွေက မမညွန့်လို့ မခေါ်ကြဘူး။ ကလေးတွေ (တူ/တူမ) တွေခေါ်သလိုပဲ 'ဒေါ်ကြီး' လို့ခေါ်ကြတယ်"။ ဆရာမကြီးသည် တူ/တူမများအား မည်မျှချစ်သည်မှာ ထင်ရှားလှပါသည်။ တူ/တူမများ၏ အခေါ်အဝေါ်ကို အလွန်ပင်ကြည်နူးနှစ်ချိုက်ပုံရှိပါသည်။ သွေးသားမစပ်သူများသော်မှ ဆွေမျိုးရင်းချာကဲ့သို့ ကူညီစောင့်ရှောက်၍ မေတ္တာပေးတတ်သော ဆရာမကြီးသည် တူ/တူမရင်းချာတို့အပေါ်တွင် ဆိုဖွယ်ရာမရှိပါ။ ထိုအခါမှစ၍လည်း မိမိက ဆရာမကြီးကို 'ဒေါ်ကြီး'ဟုသာခေါ်ခဲ့ပါသည်။

၁၉၇၈ ခုနှစ်တွင် မိမိ၏ဖခင်ကွယ်လွန်ခဲ့ရာ သတင်းစာတွင်ဖတ်ရသဖြင့် ဆရာမကြီးသည် အသုဘပို့ရန် ရောက်လာပါသည်။ လူများနေပါသဖြင့် ဆရာမကြီးလာသည်ကို မသိလိုက်ရ နှုတ်ဆက်ပျူငှာမပြုလိုက်ရ၍ လွန်စွာစိတ်မကောင်းဖြစ်ရပါ၏။

ဆရာမကြီးသည် ၆ -၁၂- ၁၉၈၁ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ မိမိသည် ဆရာမကြီး၏ရုပ်ကလာပ်ကို သွားရောက်၍ ကန်တော့ခဲ့ပါသည်။ ယနေ့တိုင်ပင် မြင်ယောင်နေမိပါသည်။ မိမိဘဝတွင် သွေးမတော်သားမစပ် ထူးခြားစွာ ကြင်နာတတ်၊ ညှာတာထောက်ထားတတ်၊ စောင့်ရှောက်တတ်သော ပုဂ္ဂိုလ်တစ်ဦးနှင့် ကံထူး၍ တွေ့ဆုံခဲ့ရသည်ဟု ကျေးဇူးဂုဏ်တို့ကို ဦးထိပ်ထား၍ မှတ်တမ်းတင်အပ်ပါသည်။

ဤဆောင်းပါးရေးရာတွင် လိုအပ်သောအချက်အလက်များနှင့်ဓာတ်ပုံများကို ကူညီပံ့ပိုးပေးခဲ့ပါသော ဆရာမကြီး၏ တူမရင်း ဒေါ်ခင်အေးမူ B.Sc (ဓာတု) (၁၉၆၃-၆၇)၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) အမှတ် (၁) စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းနှင့် ဆရာမကြီးက တူမရင်း/သမီးရင်းနှင့်မခြား အလွန်ချစ်ခင်ခဲ့ပါသော ဒေါ်ခင်ဝင်းတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

**မှတ်ချက်။ ။ ဤဆောင်းပါးပါ ကဗျာနှစ်ပုဒ်သည် ဆောင်းပါးရှင်ကိုယ်တိုင် သီကုံးစပ်ဆိုထားသော ကိုယ်ပိုင်ကဗျာများဖြစ်ပါသည်။**



## စာရေးသူ၏ကိုယ်ရေးအကျဉ်း


- ❖ အမည် – မနုရည်
- ❖ မိဘအမည် – ဦးကျင်အေး ဒေါ်သန်းကြည်
- ❖ ပညာအရည်အချင်း – B.Sc (University of Yangon)
  - M.Sc (University of Yangon
  - Ph.D (University of New South Wales)
  - MRACI CChem (Member of Royal Australian (Chemical Institute) (Chartered Chemist)


**တာဝန်ထမ်းဆောင်ခဲ့သော အလုပ်အကိုင်များ**

(၁) သရုပ်ပြဆရာမ (၁၉၇၂-၁၉၇၃) ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
(၂) သရုပ်ပြဆရာမ (၁၉၇၃-၁၉၇၆) ဓာတုဗေဒဌာန၊ ပုသိမ်ကောလိပ်
(၃) အဆောင်နည်းပြ (၁၉၇၄-၁၉၇၆) သပြေဆောင်၊ ပုသိမ်ကောလိပ်
(၄) သရုပ်ပြဆရာမ (၁၉၇၆-၁၉၈၄) ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
(၅) လက်ထောက်ကထိက (၁၉၈၄-၁၉၈၈) ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
(၆) သုတေသနလက်ထောက် (၁၉၉၀-၁၉၉၁) University of Sydney, Australia
(၇) ပါရဂူဘွဲ့သုတေသီ (၁၉၉၂-၁၉၉၈) University of New South Wales, Australia
(၈) ပါရဂူဘွဲ့လွန်သုတေသီ (၁၉၉၉-၂၀၀၀) University of New South Wales, Australia
(၉) သုတေသီနှင့် အချိန်ပိုင်းသုတေသီ (၂၀၀၁- ) University of Sydney, Australia

